ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

# ၂၀၁၅ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## ၂၀၁၅ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

(၂၀၁၅ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥပဒေအမှတ် ၂၉။)

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက် )

တနင်္သာရီ တိုင်းဒေသကြီးလွှတ်တော် သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁

### အမည်နှင့် စတင် အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၅ ခုနှစ် ၊ တနင်္သာရီ တိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရ အသုံး ဆိုင်ရာ ဥပဒေဟု ခေါ်တွင် စေရမည်။

(ခ) ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၂၀၁၅–၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တနင်္သာရီ တိုင်းဒေသကြီး တစ်ဝန်းလုံး တွင် ၂၀၁၅ ခု နှစ် ၊ ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

# အပိုင်း ၂

## တိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ တိုင်းဒေသကြီး လွှတ်တော် ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ၊ တိုင်းဒေသကြီး ဥပဒေချုပ် ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး အဆင့် ဦးစီးဌာနများ နှင့် စည်ပင်သာယာရေး အဖွဲ့များ

## အခန်း (၁)

## ရငွေများနှင့် သုံးငွေများ

၂။ တိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ တိုင်းဒေသကြီး လွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ၊ တိုင်းဒေသကြီး ဥပဒေချုပ် ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ ၊ တိုင်းဒေသကြီး အဆင့် ဦးစီးဌာနများ နှင့် စည်ပင်သာယာရေး အဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက် ကြရမည်။ ထိုသို့ ဆောင်ရွက်၍ ရရှိသော ရငွေများကို တိုင်းဒေသကြီး ဘဏ္ဍာ ရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန် ရှိသော သုံးငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူ သုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ တိုင်းဒေသကြီး လွှတ်တော် ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ၊ တိုင်းဒေသကြီး ဥပဒေချုပ် ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ၊ တိုင်းဒေသကြီး

ဝန်ကြီးဌာနများ ၊ တိုင်းဒေသကြီးအဆင့် ဦးစီး ဌာနများနှင့် စည်ပင်သာယာရေး အဖွဲ့များ၏ ရငွေ နှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား (၁) ၊ (၂) ၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့် ရငွေ များကို စီမံ ကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေ များကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ် အသီးသီး သည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များ ကို မိမိ လက်အောက်ရှိ လုပ်ငန်း ဆိုင်ရာ ပုဂ္ဂိုလ် အသီးသီးအား လွှဲအပ်ဆောင်ရွက် စေနိုင်သည်။

(ဂ) ရငွေများကို စီမံ ကြီးကြပ် ကောက်ခံရာတွင် လည်းကောင်း ၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ သက်ဆိုင်ရာ ဥပဒေများ ၊ နည်းဥပဒေများ ၊ စည်းမျဉ်းများ ၊ စည်းကမ်းများ ၊ အမိန့်များ ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) တိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ တိုင်းဒေသကြီး လွှတ်တော် ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ၊ တိုင်းဒေသကြီး ဥပဒေချုပ် ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ ၊ တိုင်းဒေသကြီး အဆင့် ဦးစီး ဌာနများနှင့် စည်ပင်သာယာရေး အဖွဲ့များသည် ရငွေ များ ကို စီ မံ ကြီး ကြပ် ကောက် ခံ ရာ တွင်

ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ ဖြစ်စေ ၊ လျော့၍ ဖြစ်စေ ရငွေများ နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော် သို့ တင်ပြသည့် ၂၀၁၅ – ၂၀၁၆ ခုနှစ်အတွက် ပြုပြင်ပြီးခန့် မှန်းခြေငွေ စာ ရင်း များတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို လည်းကောင်း အမှန်စာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအဆင့် ဌာ န အ ဖွဲ့ အ စည်း များ နှင့် စည်ပင်သာယာရေး အဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ ၊ စည်းကမ်းများ ၊ အမိန့်များ ၊ ညွှန်ကြားချက်များ အရ ခွင့်ပြုထားသည့် အခွန်အကောက် အမျိုးအစား များကိုသာ ကောက်ခံရမည်။ အခွန်ဆိုင်ရာ တည်ဆဲ ဥပဒေများနှင့်အညီ ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝ ရရှိစေရန် ဆောင်ရွက်ရမည်။

(ဂ) တိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ တိုင်းဒေသကြီး လွှတ်တော် ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ၊ တိုင်း ဒေသကြီး ဥပဒေချုပ် ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ ၊ တိုင်းဒေသကြီး အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေး အဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြု

ထားသော သုံးငွေများအတွက် ငွေစာရင်း ခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ တိုင်း ဒေ သ ကြီး လွှတ် တော် သို့ တင် ပြ သော ၂၀၁၅–၂၀၁၆ ခုနှစ် အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် လည်းကောင်း ၊ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို လည်းကောင်း အမှန်စာရင်း များတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၃

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

### အခန်း (၁)

### ရငွေ နှင့်သုံးငွေများ

၅။ (က) နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အား အပေါ် မိမိတို့ရပ်တည်နိုင်ရေးမူ နှင့်အညီ ဆောင်ရွက်ကြရာတွင် အဖွဲ့အစည်းများ အလိုက် ကုန်ပစ္စည်းထုတ်လုပ်မှု ၊ ဆောင်ရွက်မှုနှင့် ကုန်သွယ်မှု လုပ်ငန်းများအတွက် လိုအပ်သည့် သာမန် အသုံးစရိတ်များ သုံးစွဲမှုကို ပြည်ထောင်စု ဘဏ္ဍာရေး ဝန်ကြီးဌာန၏ သတ်မှတ်ချက် နှင့်အညီ တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများသည်ကြွေးမြီပြန်လည် ပေးဆပ်ရန် အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၆။ တိုင်းဒေသကြီး အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေတို့ကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေစာရင်းတွင် စာရင်းပြုစုဖော်ပြ ရမည်။

၇။ (က) ဇယား (၅)တွင် ဖော်ပြထားသည့် သုံးငွေများသည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများက စီမံကိန်း ရည်မှန်းချက်များအရ ထမြောက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်း ထားသော ငွေများ ဖြစ်သည်။

(ခ) တိုင်းဒေသကြီး အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန် ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ရငွေ များကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် ဇယား (၅)တွင် မိမိနှင့် ယှဉ်တွဲ ဖော် ပြ ထား သည့် သုံးငွေများကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံ ရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ ၊ နည်းဥပဒေများ ၊ စည်းမျဉ်းများ ၊ စည်းကမ်းများ ၊ အမိန့်များ ၊ ညွှန်ကြားချက်များ ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက် ရမည်။

## အခန်း (၂)

## တိုင်းဒေသကြီး အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများနှင့် ပတ်သက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၈။ (က) တိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီး အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်း လိုအပ်ချက်အပေါ် မူတည်၍ ရငွေများကို တိုးခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ကြွေးမြီဖြင့် သုံးစွဲရန်အကြောင်း ပေါ်ပေါက်လာခြင်း နှင့် စပ်လျဉ်း၍ သော်လည်းကောင်း ဤဥပဒေ ဇယား (၅)အရ ခွင့်ပြုထားသော အဖွဲ့အစည်း တစ်ခု၏သာမန်သုံးငွေတွင်ငွေများ ပြောင်းလဲသုံးစွဲခြင်း နှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ငွေလုံးငွေရင်း သုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်း

မပြုဘဲ မူလ လုပ်ငန်းစီမံကိန်း တစ်ခုစီအတွင်း ငွေများ ပြောင်းလဲ သုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေ လုံး ငွေ ရင်း သုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်း တစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်။ ထိုသို့ ရငွေများနှင့်သုံးငွေများပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသော ၂၀၁၅ – ၂၀၁၆ ခုနှစ် အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေ စာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို လည်းကောင်း အမှန် စာရင်းများတွင် ကိစ္စ တစ် ရပ် ချင်း အ လိုက် အ ကျိုး အ ကြောင်း ဖော်ပြချက်များ နှင့်အတူ ထည့်သွင်း ဖော်ပြရမည်။

(ခ) တိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ အတွက် လုပ်ငန်း လုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံး ရင်းနှီးငွေကို သော်လည်းကောင်း ၊ ရင်းနှီး မြှုပ်နှံမှု လုပ်ငန်းများအတွက် လိုအပ်သည့် ငွေကို သော်လည်းကောင်း ၊ ထောက်ပံ့ငွေကို ဖြစ်စေ၊ ချေးငွေကို ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏

အတည်ပြု ပြီးဖြစ်ပါက ပြည်ထောင်စု အစိုးရအဖွဲ့၏
ခွင့်ပြုချက်နှင့်အညီ တိုင်းဒေသကြီး လွှတ်တော်သို့
တင်ပြ၍ အတည်ပြုချက် ရယူ ဆောင်ရွက်နိုင်သည်။

---

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ( မြတ်ကို )
ဝန်ကြီးချုပ်
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

## တိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ တိုင်းဒေသကြီးလွှတ်တော် ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ၊ တိုင်းဒေသကြီး ဥပဒေချုပ် ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်

ဇယား (၁)

( ကျပ်သန်းပေါင်း )

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီး အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြား သာမန် ရငွေများ | အတိုး ရငွေ | ငွေလုံး ငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်း များတွင် ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူ ရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | အစိုးရအဖွဲ့ရုံး | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | | | ၄၆၀၀.၀၀၀ | | | |
| ၂ | တရားရုံး | တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁၀၉.၅၁၀ | | | | | | |
| ၃ | ဥပဒေရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီး ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀.၂၇၉ | | | | | | |
| ၄ | စာရင်းစစ်ရုံး | တိုင်းဒေသကြီး စာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၇၁၇ | | | | | | |
| | ပေါင်း | | | | ၁၁၀.၅၀၆ | | | ၄၆၀၀.၀၀၀ | | | |

တိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ တိုင်းဒေသကြီးလွှတ်တော် ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ၊ တိုင်းဒေသကြီး ဥပဒေချုပ် ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်

ဇယား ( ၂ )
( ကျပ်သန်းပေါင်း )

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | အစိုးရအဖွဲ့ရုံး | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၀၀၂.၀၅၆ | | | ၁၄၂၆၈.၁၇၀ | | | |
| ၂ | လွှတ်တော် | တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ က တာဝန်ပေးသူ | ၂၄၀.၀၁၈ | | | ၄၃၁၀.၇၅၀ | | | |
| ၃ | တရားရုံး | တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၁.၀၅၀ | | | | | | |
| ၄ | ဥပဒေရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီး ဥပဒေချုပ်က တာဝန်ပေးသူ | ၂၄၁.၈၄၄ | | | ၁၅၇.၅၃၂ | | | |
| ၅ | စာရင်းစစ်ရုံး | တိုင်းဒေသကြီး စာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၅၄၁.၅၈၁ | | | ၂၃၅.၂၀၀ | | | |
| | ပေါင်း | | ၃၀၇၆.၅၄၉ | | | ၁၈၉၇၁.၆၅၂ | | | |

## တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား ( ၃ )

( ကျပ်သန်းပေါင်း )

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်တွင်းထုတ်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၄၇.၉၁၃ | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၁၄၇.၉၁၃ | | | | | | | | |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက် | ၄င်း | ၁၀၅၂.၅၄၆ | | | | | | | | |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့် အခွန် | | ၂၆.၅၃၆ | | | | | | | | |
| | ၂ | ရေခွန်နှင့် တာတမံခွန် | | ၀.၀၅၂ | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် | | ၉၂၂.၅၅၀ | | | | | | | | |
| | ၄ | ဓါတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် | | ၉.၁၇၈ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၉၄.၂၃၀ | | | | | | | | |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့် အခွန် | ၄င်း | ၄၂၀.၁၂၆ | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၃၆၉.၄၅၁ | | | | | | | | |
| | ၂ | ဘီးခွန် | | ၅၀.၆၇၅ | | | | | | | | |
| ၄ | | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | ၄င်း | | | | | | | | | |

## တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား ( ၃ )။ ။ အဆုံး

( ကျပ်သန်းပေါင်း )

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | ပြည်ထဲရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၀.၃၁၄ | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၉.၆၈၈ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀.၀၂၆ | | | | | | |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၀.၆၀၀ | | | | | | |
| ၆ | | သမဝါယမ | ၄င်း | | | ၂.၄၁၆ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၁.၀၉၆ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၁.၃၂၀ | | | | | | |
| ၇ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၄င်း | | | ၁.၆၅၀ | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၀.၀၉၀ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၁.၅၆၀ | | | | | | |
| ၈ | | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၄င်း | | | ၄၀.၅၀၀ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၃၉.၅၀၀ | | | | | | |
| | ၂ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | | ၁.၀၀၀ | | | | | | |
| ၉ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၄င်း | | | ၁၆.၅၁၅ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၁၆.၅၁၅ | | | | | | |
| ၁၀ | | ဘဏ္ဍာရေး | ၄င်း | | | ၀.၀၁၆ | | | ၁၄၁၇၀၂.၇၃၁ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | ၀.၀၁၆ | | | ၁၄၁၇၀၂.၇၃၁ | | | |
| ၁၁ | | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၄င်း | | | ၀.၀၁၄ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀.၀၁၄ | | | | | | |
| ၁၂ | | ဆောက်လုပ်ရေး | ၄င်း | | | ၇၂.၇၅၄ | | | | | | |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၁၀.၇၀၄ | | | | | | |
| | ၂ | လမ်းဦးစီးဌာန | | | | ၆၂.၀၅၀ | | | | | | |
| ၁၃ | | စည်ပင်သာယာရေးအဖွဲ့များ | ၄င်း | | | ၂၃၁၃.၃၁၇ | | | | | | |
| | | ပေါင်း | | ၁၆၂၀.၅၈၅ | | ၂၄၅၇.၄၉၆ | | | ၁၄၁၇၀၂.၇၃၁ | | | |

## တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား ( ၄ )

(ကျပ်သန်းပေါင်း )

| အ မှတ် စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန် သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြည်ထဲရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၇၆၂.၇၄၄ | | | ၄၉၂၀.၂၀၈ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၃၇၈၆.၀၉၈ | | | ၂၃၅၃.၂၈၀ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၁၇၄.၇၁၂ | | | ၆၉၇.၈၀၀ | | | |
| | ၃ | မီးသတ်ဦးစီးဌာန | | ၈၀၁.၉၃၄ | | | ၁၈၇၀.၁၂၈ | | | |
| ၂ | | သမဝါယမ | ၄င်း | ၄၁၈.၈၆၉ | | | ၄၂၈.၈၅၄ | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၃၈၉.၃၄၈ | | | ၄၂၂.၆၉၈ | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၂၉.၅၂၁ | | | ၆.၁၅၆ | | | |
| ၃ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၄င်း | ၁၁၃၄.၇၈၉ | | | ၄၂၄.၃၂၂ | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၈၉.၉၆၈ | | | ၁.၆၀၀ | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၇၃၅.၅၉၄ | | | ၃၂၅.၅၂၂ | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၃၀၉.၂၂၇ | | | ၉၇.၂၀၀ | | | |
| ၄ | | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၄င်း | ၄၁၁.၈၂၅ | | | ၅၁၃.၁၆၉ | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၄၂.၉၂၈ | | | ၄၅၄.၁၆၉ | | | |
| | ၂ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၁၆၈.၈၉၇ | | | ၅၉.၀၀၀ | | | |
| ၅ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၄င်း | ၈၆၉.၈၉၂ | | | ၁၇၅.၆၁၈ | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၇၉၇.၇၀၀ | | | ၃၃.၆၁၈ | | | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၇၂.၁၉၂ | | | ၁၄၂.၀၀၀ | | | |
| ၆ | | အားကစား | ၄င်း | ၆၀၁.၅၁၆ | | | ၁၈၅၅.၂၇၅ | | | |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၆၀၁.၅၁၆ | | | ၁၈၅၅.၂၇၅ | | | |
| ၇ | | ဘဏ္ဍာရေး | ၄င်း | ၆၈.၄၉၇ | | | ၁၇၃.၃၇၀ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၆၈.၄၉၇ | | | ၁၇၃.၃၇၀ | | | |
| ၈ | | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၄င်း | ၂၃၈.၇၇၃ | | | ၃၂၉.၁၆၂ | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၂၃၈.၇၇၃ | | | ၃၂၉.၁၆၂ | | | |
| ၉ | | ဆောက်လုပ်ရေး | ၄င်း | ၇၄၉၁၆.၀၄၈ | | | ၂၈၆၁၆.၇၉၁ | | | |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၇၄.၉၉၂ | | | ၁၆၀၅.၄၉၁ | | | |
| | ၂ | လမ်းဦးစီးဌာန | | ၇၄၇၄၁.၀၅၆ | | | ၂၇၀၁၁.၃၀၀ | | | |
| ၁၀ | | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး | ၄င်း | ၁၆.၁၂၇ | | | | | | |
| | ၁ | ကုန်တင်ကုန်ချလုပ်ငန်း | | ၁၆.၁၂၇ | | | | | | |
| ၁၁ | | စည်ပင်သာယာရေးအဖွဲ့များ | ၄င်း | ၁၃၈၂.၀၃၅ | | | ၁၅၂၂.၁၆၃ | | | |
| | | ပေါင်း | | ၈၄၈၂၁.၁၁၅ | | | ၃၈၉၅၉.၉၃၂ | | | |

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ

ဇယား ( ၅ )
( ကျပ်သန်းပေါင်း )

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **လျှပ်စစ်စွမ်းအား** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၀.၆၄၃** | | | **၄၆၆၁.၄၂၇** | | | |
| | ၁ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | ၀.၆၄၃ | | | ၄၆၆၁.၄၂၇ | | | |
| | | ပေါင်း | | ၀.၆၄၃ | | | ၄၆၆၁.၄၂၇ | | | |